အမျိုးသမီးများအဖွဲ့ ချုပ် (မြန်မာနိုင်ငံ)

**Women's League of Burma**

# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

## နိုင်ငံတကာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့အထိမ်းအမှတ် ထုတ်ပြန်ကြေငြာချက်

**၂၀၁၅ ခုနှစ် နိုဝင်ဘာလ (၂၅)ရက်**

**"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး နည်းပေါင်းစုံအကြမ်းဖက်မှုများရပ်တန့်ပေး"**

၁၉၉၉ ခုနှစ် ဒီဇင်လာလ (၁၇) ရက်နေ့တွင်ကျင်းပသော (၅၄) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၏ (၈၃) ကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေး၏ ဆုံးဖြတ်ချက်အမှတ် ၅၃/၁၃၄ အရ နိုဝင်ဘာလ (၂၅) ရက်နေ့ကို "နိုင်ငံတကာအမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့အဖြစ်" ဆုံးဖြတ်ချက်ချသတ်မှတ်ပေးခဲ့သည်။

ယနေ့ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ (၂၅) ရက်နေ့တွင် ကျရောက်သော နိုင်ငံတကာအမျိုးသမီးများ အပေါ် အကြမ်းဖက်မှုများ ပပျောက်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ အစိုးရစစ်တပ်မှ စစ်ဂါဒစနစ်ဖြင့် ထိုးစစ်ဆင်မှုများကိုရပ်တန့်ပြီး ငြိမ်းချမ်းရေးကိုရှေးရှုသည့် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံဖြစ်ပေါ်ရေးနှင့် ပြည်တွင်းစစ်ချုပ်ငြိမ်းရေးအတွက် အားလုံးပါဝင်ရန် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ တိုက်တွန်းလိုက်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိ အမျိုးသမီးနှင့်မိန်းကလေးငယ်များသည် အကြမ်းဖက်နည်း ပေါင်းစုံဖြင့် နေ့စဉ်နှင့်အမျှ တွေ့ကြုံခံစားနေရသည်။ အထူးသဖြင့်တိုင်းရင်းသားဒေသများတွင် အစိုးရစစ်တပ်မှ အမျိုးသမီးများကို လင်ပိုင်းဆိုင်ရာ ကျူးလွန်မှုကို အပြစ်ပေးအရေးယူခြင်းမရှိဘဲ ကျူးလွန်မြဲကျူးလွန်လျက်ရှိနေသည်။ ဤသို့စစ်တပ်မှ အမျိုးသမီးများကို လင်ပိုင်းဆိုင်ရာအကြမ်း ဖက်ပြုလုပ်နေမှု ပိုမိုများပြားလာခြင်းသည် စစ်တပ်အာဏာ စိုးမိုးနေခြင်းသာမက စစ်ဂါဒကျင့်သုံး နေမှုနှင့် တိုက်ရိုက်ဆက်စပ်နေသည်ကိုတွေ့ရှိရပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် ပြည်တွင်းစစ်ကြောင့် အမျိုးသမီးများ၏ဘဝသည် လုံခြုံမှု မရှိ၊ စိုးရိမ်ကြောင့်ကြမှုများဖြင့်သာ နေ့စဉ်ကျော်ဖြတ်လာခဲ့ရသည်မှာ နှစ်ပေါင်းရာစုဂက်ကျော်ရှိ ခဲ့ပြီဖြစ်သည်။ လတ်တလောဖြစ်ပျက်နေသော ကချင်ဒေသနှင့် ရှမ်းဒေသများသို့ အစိုးရစစ်တပ်မှ ပြင်းထန်စွာထိုးစစ်ဆင်နေခြင်းသည် အမျိုးသမီးများ၏ ဘဝလုံခြုံရေးအတွက် ပို၍စိုးရိမ်စရာဖြစ် နေသည်သာမက ခြိမ်းခြောက်မှုပြုနေသည်။ ဤစစ်ဘေးဒဏ်ကြောင့် အမျိုးသမီးနှင့်ခလေးငယ် များသည် စစ်ပြေးဒုက္ခသည်အဖြစ်နှင့် ထွက်ပြေးပုန်းရှောင်နေရပြီး အခက်အခဲပေါင်းများစွာဖြင့် ကြုံတွေ့နေရသည့်အပြင် ကျန်းမာရေးစောင့်ရှောက်မှုများလည်းမရရှိကြပေ။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် လူဦးရေထက်ဂက်ကျော်မှာ အမျိုးသမီးများဖြစ်ကြသဖြင့် အမျိုး သမီးများ၏ဘဝလုံခြုံမှုရှိစေရန် စစ်ဂါဒကျင့်သုံးခြင်းကိုရပ်တန့်ပြီး ကျူးလွန်သူများကို ထိထိရောက် ရောက်အရေးယူဆောင်ရွက်သင့်သည်သာမက တရားဂင်ကျူးလွန်ခွင့်ကို ချက်ခြင်းရပ်တန့်ပေးရန် နှင့် လုံလောက်သောဥပဒေပိုင်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုရှိစေရေးအတွက် တရားဥပဒေ စိုးမိုးမှုရှိစေရန် အထူးလိုအပ်ပါသည်။

ယခုတက်လာမည့်အစိုးသစ်၏ ဥပဒေစိုးမိုးရေး၊ ပြည်တွင်းစစ်ရပ်စဲရေး၊ စစ်မှန်သောငြိမ်းချမ်းရေး ဖော်ဆောင်ရေး၊ အခြေခံဥပဒေပြင်ဆင်ရေး စသည့်ရည်မှန်းချက်များအား ဆောင်ရွက်ရာတွင် လည်း အမျိုးသမီးများအပေါ်အကြမ်းဖက်မှုအား စစ်လက်နက်သဖွယ် ဆက်လက်ကျင့်သုံးနေမှု များ ကိုလည်းရပ်တန့်ပေးရန်အတွက် အလေးထားဂရုပြုထည့်သွင်းစဉ်းစားရန်နှင့် တိုင်းရင်းသား များ၏ နိုင်ငံရေးအရ တန်းတူညီမျှမှုကိုအခြေခံသည့် စစ်မှန်သော ဒီမိုကရက်တစ်ဖက်ဒရယ် ပြည်ထောင်စုပေါ်လာရေးတွင် လက်တွေ့အကောင်ထည်ဖော်ဆောင်ရွက်ပေးပါရန် မိမိတို့ အမျိုး သမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ အလေးအနက် တိုက်တွန်းလိုက်ပါသည်။

ဆက်သွယ်ရန်-

| | | |
|---|---|---|
| မွန်းနေလီ | (ပွဲကိုင်ကော်မတီ၊ မူဂါဒရေးရာဦးဆောင်အဖွဲ့) | +66 85 5233791 |
| ယိင်းဟာန်ဖ | (ပွဲကိုင်ကော်မတီ၊ မူဂါဒရေးရာဦးဆောင်အဖွဲ့) | +66 89 2627848 |
| မယ်စုစုဆွေ | (ပွဲကိုင်ကော်မတီ၊ မူဂါဒရေးရာဦးဆောင်အဖွဲ့) | +95 94 25027681 |
| ဂျူရီယာမရစ် | (အထွေထွေအတွင်းရေးမှူး) | +95 90 7504960 |